Karenni Civil Society Network

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**စက်တင်ဘာလ ၂၇ ရက်၊ ၂၀၂၃ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ စက်တင်ဘာလ ၁၁- ၂၄ရက်နေ့ထိ၊ ၂၀၂၃ ခုနှစ်


## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - စက်တင်ဘာလ ၁၀ ရက်၊ ၂၀၂၃ | စက်တင်ဘာလ ၁၁ ရက် - စက်တင်ဘာလ ၂၄ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၁၁ | ၂ | ၄၁၃ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၆၀ | ၂ | ၄၆၂ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၀ | ၁ | ၆၂၁ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၂၉ | ၂ | ၁၃၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ စက်တင်ဘာလ ၁၀ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် စက်တင်ဘာလ ၁၁ ရက် – စက်တင်ဘာလ ၂၄ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |

# စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ စက်တင်ဘာလ(၁၁)ရက်မှ စက်တင်ဘာလ(၂၄)ရက်၊ ၂၀၂၃ခုနှစ်



**စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား တစ်ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိမှုများသည့်အပြင် ကရင်နီပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအား ထိန်းချုပ်ရန်ကြိုးစားနေ**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ကရင်နီပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအား ၎င်းတို့၏စစ်ရေးအတွက် လိုအပ်သော အသုံးအဆောင်များ ပို့ဆောင်ရန်တွင် လုံခြုံမှုများရှိရန်အတွက် ထိန်းချုပ်ဖို့ကြိုးစားနေသော်လည်း ကရင်နီကာကွယ်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေဆဲဖြစ်သည်။ တိုက်ခိုက်မှုများအကြိမ်ကြိမ်ခံရသော စစ်ကောင်စီတပ်များသည် လက်တုန့်ပြန်သည့် အနေဖြင့် အရပ်သားများရှိရာသို့ လက်နက်ကြီးများ၊ လေကြောင်းတိုက်ခိုက်ခြင်းများဖြင့် ပြုလုပ်လျှက်ရှိပြီး ထိုတိုက်ခိုက်မှုများကြောင့် အရပ်သားတစ်ဦးသေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ အချို့ရှိခဲ့သည်။

စက်တင်ဘာလ ၁၂ရက်၊ ဘောလခဲသို့ ဦးတည်သွားနေသည့် စစ်ကောင်စီ၏ ယာဉ်တန်းနှင့် ၎င်းတို့၏ စစ်ကြောင်းကို ဖရူဆိုမြို့နယ်၊ လောကျော်ခူရွာအနီး၌ ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ကြားဖြတ် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ၏ တပ်ရင်းမှူးအပါအဝင် တပ်သား ၂၀ ဦး သေဆုံးခဲ့ပြီး လက်နက်ငယ် ၂၀ လက် သိမ်းဆည်းရမိသည်။ သည့်အပြင် ညနေ ၅ နာရီအချိန်တွင် စစ်ကောင်စီတပ် ခမရ ၅၃၁ မှ လက်နက်ကြီး ၁၀ လုံးဖြင့် ရမ်းသန်းပစ်ခတ်ကာ ကျေးရွာအတွင်းသို့ လက်နက်ကြီး ၄ လုံး ကျရောက်ပေါက်ကွဲ၍ ဒေသခများ၏ နွား(၃)ကောင် ထိမှန်သေဆုံး သွားခဲ့သည့်အပြင် နေအိမ်အချို့ ထိမှန်ပျက်စီးခဲ့သည်။

စက်တင်ဘာလ ၁၃ ရက်၊ ဖရူဆိုမြို့နယ် စစ်ရေးလေ့ကျင့်ရေးတပ်မြင့်ကျောင်း အမှတ် ၁၄ မှ စစ်ကားနှစ်စီးဖြင့် မာခရော်ရှေးကျေးရွာနှင့် လောကျော်ခူကျေးအကြား စစ်ကူသွားနေစဉ် စစ်ကားတစ်စီးမိုင်းနင်းမိကာ ပျက်စီးသွားခဲ့သည်။

စက်တင်ဘာလ ၁၈ရက်၊ ည ၁၁ နာရီ ၄၀ မိနစ်အချိန်တွင် စစ်ကောင်စီတပ်မှ ဒီးမော့ဆို အနောက်ဘက်ခြမ်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် လက်နက်ကြီး ၅ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၃၇)နှစ်အရွယ် အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့ရသည့်အပြင် အသက် ၄၂ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် ၁၂ အရွယ်ရှိ အမျိုးသမီးတစ်ဦးသို့ ထိမှန်ဒါဏ်ရာရရှိသွားခဲ့သည်။ ထိုတရက်တည်းတွင် လွိုင်ကော်မြို့နယ် အရှေ့ဘက်ခြမ်းနှင့် ရှားတောမြို့နယ် အစပ်တစ်နေရာတွင် စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ အကြားတိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်များမှ အတွဲလိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် ကရင်နီ- ရှမ်းနယ်စပ်ဖြစ်သည့် မိုးဗြဲ- နန်းမယ်ခုံလမ်းမကြီးကို စစ်ကောင်စီတပ်မှ ရိက္ခာပို့သည့် လမ်းကြောင်းအဖြစ် အသုံးပြုနေခြင်းကြောင့် ဖြတ်သန်းသွားလာခြင်းမပြုရန် မိုးဗြဲ ပြည်သူ့ကာကွယ်ရေး တပ်မှ ထုတ်ပြန်ထားပါသည်။



အမျိုးသမီးတစ်ဦး စကစ မိုင်းနင်းမိသေဆုံး ဖရူဆိုမြို့နယ်



စကစ လက်နက်ကြီးပစ်ခတ်သည့် အပိုင်းအစ၊ ဒီးမော့ဆိုမြို့နယ်

စက်တင်ဘာလ ၁၉ရက်၊ လွိုင်ကော်မြို့နယ်အရှေ့ဘက်ရှိ ကြွတ်ဂူအနီးတစ်ဝိုက်ကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ နံနက် ၇ နာရီကျော်အချိန်တွင် ဖုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထိုတရက်တည်းအတွင်း ည ၁၁ နာရီအချိန် ဖယ်ခုံမြို့နယ် အနောက်ဘက်ခြမ်း စစ်ဘေးရှောင်အနီးတစ်နေရာ စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် ဖုံးကြဲတိုက်ခိုက်သွားခဲ့၍ စစ်ဘေးရှောင်ပြည်သူများ၏ တဲ့အချို့ထိမှန်ပျက်စီးသွားပြီး ထိခိုက်ဒါဏ်ရာ ရရှိမှုအချို့လည်း ရှိသည်။ ထို့အပြင် လွိုင်ကော်– မိုးဗြဲကြားရှိ ကုန်းသာရွာနှင့် ဆင်စခန်း အနောက်ဘက် IDP စခန်းတို့တွင် စစ်ကောင်စီတပ်မှ ဖုံးကြဲခဲ့ပါသည်။ ထိုတရက်တည်းတွင် ဖရူဆိုမြို့နယ်၊ ဒေါပိုရှေးကျေးရွာတွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကရင်နီပူးပေါင်းတပ်မှ ရဲဘော် ၉ ဦးထိခိုက်ဒါဏ်ရာ ရရှိသွားခဲ့သည်။

စက်တင်ဘာလ ၂၀ ရက်၊ ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာအနီး ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့၍ တိုက်ပွဲအတွင်း ကရင်နီတပ်မတော်မှ ရဲဘော်တစ်ဦး စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ကျဆုံးသွားခဲ့သည်။

စက်တင်ဘာလ ၂၃ ရက်၊ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ ဖရူဆိုမြို့နယ်၊ ဖရယ်တော်ကျေးရွာအတွင်း လေယာဉ်ဖြင့် ဖုံး ၂ လုံးဖြင့် တိုက်ခိုက်ခဲ့ပါသည်။

စက်တက်ဘာလ ၂၄ ရက်၊ ဖရူဆိုမြို့နယ်၊ လောကေခူကျေးရွာနေ အသက် ၅၀ အရွယ်ရှိ အမျိုးသမီးတစ်ဦး ကျေးရွာအတွင်းသို့ဝင်ရောက်စဉ် စစ်ကောင်စီထောင်ထားခဲ့သော မိုင်းနင်းမိ၍ ခြေထောက်ပြတ်ကာ သေဆုံးသွားခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com